## ဗိုလ်ခင်ညွန့်အမှုစစ်တော့မည် ဆိုသည်နှင့်ပတ်သက်၍<br>ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်<br>(အမှတ် ၇/၂၀၀၅)<br>(၁၄ – ၆ –၂၀၀၅)

၁။ ဗိုလ်ခင်ညွန့်သည် မဆလ၊ နဝတ၊ နအဖ စစ်အုပ်စုများ၏ အတွင်းရေးကို အတွင်းကျကျသိသူ ဖြစ်သည်။ သူ့တွင် ပြောစရာတွေ အများကြီးရှိမှာ သေချာသည်။ တိုင်းပြည်အတွက်၊ အမျိုးသားပေါင်းစုံပြည်သူအတွက် ရဲရဲရင့်ရင့် အမှန်အတိုင်း ဖွင့်ပြောစေချင်သည်။ အမျိုးသားဝံသာနုစိတ် ရှိမလား – စစ်အုပ်စုဝင်အချင်းချင်းပင်းသည့် စစ်အုပ်စုဝံသာနုစိတ်ဓာတ် ရှိမလားဆိုတာကို စောင့်ကြည့်ကြရလိမ့်မည်။

၂။ ဗိုလ်ခင်ညွန့် စဉ်းစားရမည်မှာ တိုင်းပြည်နှင့်ပြည်သူကို အလုပ်အကျွေးပြုမည်လော၊ သန်းရွှေစစ်အုပ်စုကို အလုပ်အကျွေးပြုမည်လောဆိုတာ ဖြစ်သည်။ ကျွန်တော်တို့ အကြံပေးလိုသည်မှာ သန်းရွှေစစ်အုပ်စုက သင့်အပေါ် သက်ညှာမည်မဟုတ်၊ အပြတ်ချနေခြင်း ဖြစ်သည်။ ‘အမျက်ဖြေလက်ာ’ ဆက်သွင်းလျှင် သက်ညှာလိမ့်မည်ဟု မထင်ပါနှင့်ဟူ၍ ဖြစ်သည်။

၃။ ဗိုလင်ခင်ညွန့်အမှုမှာ တိုင်းကျော်ပြည်ကျော် အမှုအခင်းကြီးဖြစ်၍ အိမ်နီးချင်းတိုင်းပြည်များက စိတ်ဝင်စားကြလိမ့်မည်။ သန်းရွှေစစ်အုပ်စု အနေနှင့် ဖြစ်ကတတ်ဆန်း (ခါတိုင်းလုပ်နေကျအတိုင်း) လုပ်နိုင်မည် မဟုတ်ပါ။

တရားခွင်တွင် နှုတ်ဖြင့်ထုချေလွှာ မသွင်းနိုင်ဦးတော့ စာဖြင့်ထုချေလွှာ သွင်းနိုင်ပါလိမ့်မည်။ “၇ ရက်ဇူလိုင်ကိစ္စ” တွင် ဗိုလ်အောင်ကြီးထုချေလွှာ သွင်းသလိုသွင်းဖို့ လိုသည်။

တရားသူကြီးများကို ဦးမတည်ဘဲ တိုင်းပြည်၊ ပြည်သူနှင့် ခေတ်ပြိုင်လုပ်ဖော်ကိုင်ဖက်များသို့ ဦးတည်ပြီး ထုချေလွှာ တင်သွင်းသင့်သည်။ တိုင်းပြည်၊ ပြည်သူနှင့် ခေတ်ပြိုင်များက သဘောထားကြီးလေ့ ရှိသည်။ ဗိုလ်အောင်ကြီးအပေါ် သက်ညှာခဲ့တာကို ကြည့်ပါ။ နောက်မှ သူ့ဘာသာ အတတ်ဆန်းမိလို့ မြောင်းထဲရောက်သွားတာ ဖြစ်သည်။